ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၂၁ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

( ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

KMIC စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ကိုရီးယား-မြန်မာစက်မှုမြို့ KMIC Industrial Complex အား ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းရှိသည့် နိုင်ငံတကာအဆင့်မီစက်မှုမြို့တစ်ခုဖြစ်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းများချောမွေ့စွာလည်ပတ်စေနိုင်ရန်နှင့် ကောင်းမွန်သော အခြေခံအဆောက်အအုံ၊ ပြည့်စုံသော Facilitation Service ဝန်ဆောင်မှုများဖြင့် ထိရောက်မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရန် **"KMIC စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဝန်ကြီး<br>လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမှုဆောင်အရာရှိချုပ်<br>ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၁)<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ KMIC စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှုကော်မတီ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာ-ကိုရီးယားဖက်စပ်ထူထောင်သည့် KMIC စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးစီးဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သောခွင့်ပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လုပ်ငန်းများချောမွေ့စေရေး စီမံဆောင်ရွက်ပေးရန်၊

(ခ) KMIC ဇုန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံ (လမ်း၊ ရေပေးရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး) စသည့် ဖြန့်ဖြူးရေးလုပ်ငန်းများ ပြည့်စုံကောင်းမွန်စွာ လည်ပတ်စေရေး စီမံကွပ်ကဲဆောင်ရွက်ပေးရန်၊

(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်စေမည့် သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်တိုးမြှင့်ရေးစက်မှုလုပ်ငန်းများ၊ ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်ရန်၊

(ဃ) KMIC ဇုန်တွင် Bonded Area သတ်မှတ်၍ သွင်းကုန်၊ ပို့ကုန်နှင့် အကောက်ခွန်လုပ်ငန်းများ စနစ်တကျရှိစေရေး ဆောင်ရွက်ရန်၊

(င) KMIC ဇုန်တွင် လာရောက်နေထိုင်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၊ ကျွမ်းကျင်အလုပ်သမားများနှင့် ပညာရှင်များ၊ ၎င်းတို့၏မိသားစုဝင်များ နေထိုင်ခွင့်ရရှိရေးနှင့် ပြည်တွင်းခရီးသွားလာရေးတို့အတွက် လိုအပ်သည်များကို အဆင်ပြေချောမွေ့မှုရှိစေရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊

(စ) KMIC ဇုန်တွင် ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရဘဲ အဆောက်အဦ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်း၍ အရေးယူဆောင်ရွက်ရန်၊

(ဆ) ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ အခွန်အခ၊ စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးစသည့် KMIC ဇုန် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရန်။

၃။ ကော်မတီသည် လိုအပ်သည့်လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၅-၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၁ နှင့် ၂၃-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး